


# သတ္တိအဟိဆုံးလူ

Let's Read
The Asia Foundation



အယင်ခေါက်ခါ သမင်မချေတကောင်စွာ ကျားချေ၊ ဝက်ဝံချေ၊ မြင်းကျားချေရို့နန့်တတူ ဆရာဦးဇီးကွက် ဘားမာ ပညာသင်နီကတ်တေလတ်။



သူရို့စာသင်ခန်းထဲမာ ကျားချေစွာ တဗျင်း အနိုင်ခံရေ။ မြင်းကျားချေဘားက မုန့်တိလုစားပြီးကေ ဆရာကြီးကို မတိုင်ဖို့နန့် တိုင်ကေ လက်သည်းနန့် ခြစ်ပစ်လိုက်ဖို့လို့ပြောရေ။



မြင်းကျားချေဘားက လုထားရေ မုန့်တိကို ဝက်ဝံ
ချေနန့် သမင်မချေကိုလေ့ ကျွေးရေ။ ဝက်ဝံချေကျ
ကော စားလိုက်ကေလည်း သမင်ကမစားလိုက်။ သူက
အနိုင်ခံစွာကို မကြိုက်လေ။



သမင်မချေစွာ ကျားချေနန့် ဝက်ဝံချေရို့ လုပ်စော်ကို အံ့သြနိရေ။ ဇာဖြစ်လို့ လူများမုန့်ကို လုစားရစွာလေး လို့ စိုင်းစားနီရေ။



ဆရာကြီးက စာမသင်ခင်မှာ သတ္တိအပြဲဆုံးလူကို ခေါင်းဆောင် ရွေးဖို့လို့ပြောရေ။ ကျားချေကလေ့ ပြောရေ သူစွာအတန်းထဲက တယောက်ကိုလည်းမ ကြောက်။ သူရာ သတ္တိအပြဲဆုံးလို့ ပြောရေ။ ဝက်ဝံ ချေကလေ့ ထောက်ခံရေ။



”မြင်းကျားချေက သဘောတူလာလို့” ဇီးကွက်ကမီး ရေ။ မြင်းကျားချေက တခုလေ့ပြန်မဖြေပဲ ငိုရာငိုနီ ရေ။



သမင်မချေကတော့ ကျားချေကို ခေါင်းဆောင်မဖြစ်စီချင်။ သူရာခေါင်းဆောင်ဖြစ်လာကေ အဂုထက်လူများတိကို အနိုင်ခံ လီဖို့ဗျုယ်ဆိုပနာကြောင့်ကြနီပါ ရေ။ သမင်မချေစွာ ထရပ်လိုက်ပြီးကေ ကျားချေနန့် ဝက်ဝံချေ ရို့ လုပ်စော်တိကို ဆရာကြီးဘားမာ တိုင်လိုက်တယ်။




ဆရာကြီးစွာ ကျားချေနန့် ဝက်ဝံချေ ကိုခေါ်ပြီးကေ
နောက်တခါယင်းပိုင်မလုပ်ဖို့နန့် လူများကို အနိုင်ခံ
စွာရေ သတ္တိပ်ဟိစွာနန့် လုံးဝမတူဆိုပနာယှင်းပြရေ။
မြင်းကျားချေဘားကို လားပြီးကေ တောင်းပန်ဖို့လေ့
ပြောရေ။



ဆရာကြီးက နောက်ရက်တိမှာ ကျားချေနန့် ဝက်ဝံ
ချေရို့စွာ မြင်းကျားချေအတွက် မုန့်တခုစီကို သုံးရက်
အတိ ယူလာပီးရဖို့လို့ ဆုံးဖြတ်လိုက်တေ။



သမင်မချောကကျောကော အမှန်ကို ထုတ်ပြောဝံ့ပြီးကော သတ္တိပ်ဟိရေလူဖြစ်လို့ အတန်းခေါင်းဆောင်အဖြစ် အရွီးခံလိုက်ရရေ။



အချေတိဖြေဆိုဖို့ မီးခွန်းတိ။

□□ ဆရာကြီးဦးဇီးကွက်ဘားမာ ပညာသင်ကြားနီရေ အကောင်ချေတိနာမည်ကို ပြောပြပါ။

□□ ကျားချေစွာ ဇာပိုင် အမူအကျင့်တိဟိလဲ။

□□ ဦးဇီးကွက် အတန်းထဲမှာ သတ္တဝါအဟိဆုံးက အသူလဲ။ ဇာကြောင့်လဲ။

□□ အချေတိဝါ ကျားချေပိုင်နီဖို့လား။ သမင်မချေပိုင်နီဖို့လား။

ဒေစာအုပ်ကို အာရှဖောင်ဒေးရှင်းနန့် Third Story Project ရို့ပူးပေါင်းပြီးကေ ကျင်းပရေ စာအုပ်ဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲက ဖန်တီးရီးသားခြင်းဖြစ်ပါရေ။ Third Story Project ရေ အချေစာအုပ်တိကို ဖန်တီးရီးသားခြင်းနန့် ဗမာဘာသာစကားနန့် အခြားတိုင်းရင်းသားဘာသာစကားတိနန့် ထုတ်ဝီခြင်းရို့ကို ဆောင်ရွက်ပြီးကေ မြန်မာနိုင်းငံတဝှမ်းက အချေတိကို အလဂါးဖြန့်ဝီပီးပါရေ။ ဝထုတိရေ မြန်မာပရိတ်သတ်အတွက် မြန်မာနိုင်ငံက အနုပညာရှင်တိက ဝထုတိကို ရီးသားခြင်းနန့် ပုံရီးဆွဲပြီးကေ

ငြိမ်းချမ်းရေး၊ သည်းခံခြင်း၊ မတူကွဲပြားခြင်း၊ ကျားမ ရေးရာ၊ ပတ်ဝန်းကျင်နှင့် အချေတိအခွင့်အရေးရှိနှင့် ပတ်သက်လို့ ဖော်ပြရီးသားထားပါရေ။

Brought to you by

The Asia Foundation

Let's Read is an initiative of The Asia Foundation's Books for Asia program that fosters young readers in the Asia-Pacific.
booksforasia.org
To read more books like this and get further information about this book, visit letsreadasia.org

**Original Story**
သတ္တိအရှိဆုံးသူ, Illustrator:
. Published by The Asia Foundation - Let's Read,
https://www.letsreadasia.org © The Asia Foundation - Let's Read.
Released under CC BY-NC 4.0.

This work is a modified version of the original story. © The Asia Foundation, 2020. Some rights reserved. Released under CC BY-NC 4.0.

For full terms of use and attribution,
http://creativecommons.org/licenses/by-nc/4.0/